တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင်လိုအပ်လျက်ရှိသော သွင်းအားစုများအား စိုက်ပျိုးရာသီ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် **ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီနှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(၁) **ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ**

(က) ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

( ခ ) ဒုတိယဝန်ကြီး
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဂ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး<br>ဆေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

(၂) ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ယူရီးယားမြေသြဇာအပါအဝင် သွင်းအားစုများ ဝယ်ယူဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) တင်သွင်းမည့်သွင်းအားစုများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ထားသော နိုင်ငံခြားငွေ လဲလှယ်နှုန်းရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ပြည်ပမှတင်သွင်းမည့် သွင်းအားစုများနှင့်စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်များရရှိရေး၊ သွင်းကုန်လိုင်စင်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) သွင်းအားစု၏ အရည်အသွေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(င) မြေသြဇာဥပဒေနှင့်အညီ လိုအပ်သော ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(စ) သွင်းအားစုများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် အကောက်ခွန်ရှင်းလင်းရေး ကိစ္စရပ်များနှင့်ဆိပ်ကမ်းမှထုတ်ယူရာတွင် မြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ညှိနှိုင်းပေးခြင်း၊

(ဆ) ကုမ္ပဏီများအလိုက် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များသို့ သွင်းအားစုများ ဖြန့်ဖြူးရောင်းချရာတွင် အဆင်ပြေချောမွေ့စေရန် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းများတွင် သွင်းအားစုများအချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးတို့အတွက် ပါဝင်ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဈ) သွင်းအားစုများရောင်းချရာတွင် ပြင်ပပေါက်ဈေးထက် သက်သာပြီးထိုက်သင့်သည့် ဈေးနှုန်းဖြင့်တောင်သူများ ဝယ်ယူရရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ ဈေးနှုန်းအတည်ပြုသတ်မှတ်ပေးခြင်းနှင့် ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးခြင်း၊

(ည) လိုအပ်သည့်လုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းတာဝန်ပေးခြင်း။

(၃) **နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အဆင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ / ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်<br>အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာဝန်ကြီး<br>နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်<br>အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်<br>ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်<br>ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်<br>မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်<br>အစိုးရအဖွဲ့ | အတွင်းရေးမှူး |
| (ဆ) | နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်<br>ဦးစီးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဇ) | နေပြည်တော်ကောင်စီ / တိုင်းဒေသကြီး / ပြည်နယ်<br>ဦးစီးမှူး<br>သမဝါယမဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

(၄) နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အဆင့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြို့နယ်များ၌ တောင်သူများထံ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မြို့နယ်ဖြန့်ဖြူးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ခ) နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများတွင် သွင်းအားစုများ အချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးနှင့် အမှန်တကယ်အသုံးပြုမည့် တောင်သူ လက်ဝယ်ရောက်ရှိရေးတို့ကို စိစစ်ကြီးကြပ်ပေးခြင်း၊

(ဂ) ကုမ္ပဏီများ၊ အရောင်းဆိုင်များမှ တောင်သူများထံ ဖြန့်ဖြူးရောင်းချရာတွင် အလွဲသုံးစားမှု မရှိစေရေး စိစစ်ကြီးကြပ်ပေးခြင်း၊

(ဃ) သွင်းအားစုများအတွက် ပံ့ပိုးချေးငွေများ ရယူထားသော တောင်သူများထံမှ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည့် ချေးငွေကျန်စာရင်းများကို စိစစ်ကြီးကြပ်ခြင်း၊

(င) မြို့နယ်ဖြန့်ဖြူးရေးကော်မတီနှင့် တောင်သူအစုအဖွဲ့/ သမဝါယမအသင်းများအကြား ချေးငွေ သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများ ဝယ်ယူဖြန့်ဖြူးရောင်းချရေးကော်မတီမှ သတ်မှတ် ရည်ညွှန်းဈေးနှုန်းများအတိုင်း သွင်းအားစုများရောင်းချသည့် ဒေသအလိုက် လက္ကားဒိုင်များနှင့် အရောင်းဆိုင်များအား သက်ဆိုင်ရာဒေသအလိုက်သို့ သယ်ယူစရိတ်နှင့် အမြတ်ရာခိုင်နှုန်းကိုသာ ထည့်ပေါင်းပြီး ရောင်းချနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(ဆ) သွင်းအားစုများအား သိုလှောင်ထားပြီး ဈေးမကစားနိုင်ရန်၊ ဈေးနှုန်းတင်ပိုမရောင်းချရန်နှင့် အရည်အသွေးမှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား ခေါ်ယူဆွေးနွေးခြင်း၊ ညှိနှိုင်းပေးခြင်းနှင့် ပုံမှန်စစ်ဆေးကြီးကြပ်ပေးခြင်း၊

(ဇ) အခက်အခဲတစ်စုံတစ်ရာရှိပါက ပြည်ထောင်စုအဆင့်ထံ တင်ပြခြင်း၊

(ဈ) သက်ဆိုင်ရာလုပ်ငန်းကော်မတီများကို ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

**အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ စတင်ဖွံ့ဖြိုးလာစေရေး တင်သွင်း၊ ထုတ်လုပ်၊ အသုံးပြုပြေးဆွဲရန်အတွက် လိုအပ်သည့်မူဝါဒ၊ လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များချမှတ်နိုင်ရေး ညွှန်ကြားခြင်း၊ လမ်းညွှန်ခြင်းနှင့် အတည်ပြုထုတ်ပြန်နိုင်ရန်အတွက် **အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးတင်အောင်စန်း<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဋ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများစတင်ဖွံ့ဖြိုးလာရေး တင်သွင်း၊ ထုတ်လုပ်၊ အသုံးပြု/ပြေးဆွဲရန်အတွက် လိုအပ်သည့်မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး ညွှန်ကြားခြင်း၊ လမ်းညွှန်ခြင်းနှင့် အတည်ပြုထုတ်ပြန်ခြင်း၊

( ခ ) တင်သွင်းအသုံးပြုမှုမှ ရေရှည်တွင် ထုတ်လုပ်သုံးစွဲလာနိုင်ရေး အကျိုးခံစားခွင့်များ၊ အထူးအခွင့်အရေးများနှင့် သက်သာခွင့်များ ဖန်တီးဖော်ဆောင်ပေးခြင်း၊

( ဂ ) လျှပ်စစ်ယာဉ်များ အသုံးပြုလာနိုင်ရေးအတွက် ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့်အတူ ဘဏ္ဍာငွေသုံးစွဲမှု၊ ဘဏ္ဍာငွေနှင့်မသက်ဆိုင်သည့် မက်လုံးပေးမှုနှင့် အခြားစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ရေး လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဃ) အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဆိုင်ရာ အစီအမံများ ချမှတ်ခြင်း၊

( င ) လျှပ်စစ်ယာဉ်အပါအဝင် ဘက်ထရီနှင့် အားသွင်းစနစ်များ၊ ဆက်စပ်ပစ္စည်းများပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ဦးစားပေးဖိတ်ခေါ်မည့်အစီအစဉ်များချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

( စ ) တင်သွင်း၊ တင်ပို့၊ ထုတ်လုပ်အသုံးပြုသည့် လျှပ်စစ်ယာဉ်အပါအဝင် ဘက်ထရီ၊ အားသွင်းစနစ်များနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ စံသတ်မှတ်ချက်၊ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(ဆ) ယာဉ်မောင်းသူများနှင့် ယာဉ်စီးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတိပြုရန်အချက်များနှင့် လိုက်နာရန်အချက်များကို အတည်ပြုခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊

( ဇ ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် လျှပ်စစ်ယာဉ်များနှင့်စပ်လျဉ်းသည့် အဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေး အစီအမံများချမှတ်ခြင်းနှင့် သုတေသနလုပ်ငန်းများအတွက် အထောက်အပံ့ကောင်းများ ဖန်တီးပေးခြင်း၊

( ဈ ) ဦးဆောင်ကော်မတီမှ ချမှတ်သောလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများဖွဲ့စည်းတာဝန်ပေးခြင်းနှင့် ယင်းကော်မတီများ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

### မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖွဲ့စည်းခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဦးမြထွန်းဦး ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(၄) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၇) ဒုတိယဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၈) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ကို သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာဥမ္မာစံ ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယကအဖွဲ့ ဖွဲ့စည်းခြင်း**

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေအခန်း (၃)၊ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်အရ **မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနာယကအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဃ) ဦးမော်သာထွေး
ဒုတိယဝန်ကြီး (ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(င) ဦးစန်းဝေ
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(စ) ဦးလှဘော်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

(ဆ) ဦးဝင်းမောင်
ညွှန်ကြားရေးမှူး (ငြိမ်း)
ဆည်မြောင်းဦးစီးဌာန

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံး အကောင်

အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေ ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး (စိုက်ပျိုးရေးကဏ္ဍ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး (မွေးမြူရေးကဏ္ဍ)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | တွဲဖက်စစ်ထောက်ချုပ် (၂)<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အစိုးရက ချမှတ်ပေးသော မြေယာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) တောင်သူလယ်သမားများ၏လူနေမှုဘဝတိုးတက်မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေရန် ချမှတ်ပေးသော မူဝါဒများနှင့်အညီ ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဂ) လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ပြောင်းလဲနိုင်ရေး ချမှတ်ပေးသောမူဝါဒများနှင့် အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဃ) လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်း၊

(င) လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းခြင်းများအတွက် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်၍ ခွင့်ပြုမိန့် လက်မှတ်ထုတ်ပေးခြင်း၊ လုပ်ပိုင်ခွင့်ရရှိမှုကို မှတ်ပုံတင်ခြင်း၊ လွှဲပြောင်းမှုများကို မှတ်တမ်းတင်ခြင်း တို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) လယ်ယာမြေလုပ်ပိုင်ခွင့်အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(ဆ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဇ) နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ ပြန်လည်သိမ်းယူသည့် လယ်ယာမြေများအတွက် ထိုက်သင့်သည့်နစ်နာကြေးနှင့် လျော်ကြေးကို ဒေသန္တရအခြေအနေ၊ ကာလပေါက်ဈေးတို့နှင့်အညီ သတ်မှတ်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေသွင်း၊ ရေထုတ်မြောင်း တည်ဆောက်ရန်၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရန်အတွက် လယ်ယာမြေကို အသုံးပြုရန်လိုအပ်ပါက အသုံးချခွင့် လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊

(ည) ကျေးလက်နေ ပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လာသော လူမှုရေးအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး စသည့်အဆောက်အအုံများအတွက် လယ်ယာမြေကို နည်းလမ်းတကျ အသုံးချခွင့် လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊

(ဋ) လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆို သတ်မှတ်ခြင်း၊

(ဌ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲ စိုက်ပျိုးရန် လျှောက်ထားမှုအပေါ် စိစစ်ခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဍ) မြေနုကျွန်း လုပ်ပိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ပိုင်ခွင့် ရရှိသူများ၏ အခွင့်အရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးနှင့် ကုန်းမြင့်လှေကားထစ် လယ်ယာစိုက်ပျိုးရေးစနစ်များ တိုးတက်ထွက်ပေါ်လာရေးနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဏ) ကွဲနွား၊ စားကျက်မြေများနှင့် ရွာဘုံမြေများ ထိန်းသိမ်းထားရှိရေးနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခြင်း၊

(တ) လယ်ယာမြေဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန် လိုအပ်သည့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ထ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊

(ဒ) လယ်ယာမြေဥပဒေ အာဏာမသက်ရောက်မီ ဖြစ်ပေါ်ဆောင်ရွက်လျက်ရှိသော လယ်ယာမြေ အငြင်းပွားမှုများ အယူခံစစ်ဆေးမှုများကို လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

(ဓ) လယ်ယာမြေဥပဒေ အာဏာမသက်ရောက်မီ တင်ပြလျှောက်ထား စိစစ်ဆောင်ရွက်လျက်ရှိသော လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းဖြင့် အသုံးပြုခွင့်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊

(န) လယ်ယာမြေနှင့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ အဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) ဥက္ကဋ္ဌ အဖွဲ့ဝင်
တိရစ္ဆာန်ဆေးပညာကောင်စီ

(ဍ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(ဏ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

(တ) တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး အဖွဲ့ဝင်

(ထ) မွေးမြူရေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး အဖွဲ့ဝင်

(ဒ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဓ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအရ **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စက်မှုဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(ဆ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဈ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဍ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ထ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဒ) ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဓ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

( န ) ပါမောက္ခ (ဌာနမှူး) — အဖွဲ့ဝင်
ဓာတုအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

( ပ ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

( ဖ ) ပါမောက္ခ (ဌာနမှူး) — တွဲဖက်အတွင်းရေးမှူး (၁)
ဓာတုဗေဒဌာန
ရန်ကုန်တက္ကသိုလ်

( ဗ ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၂)
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

( ခ ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း၏ အမျိုးအမည်နှင့် ပမာဏကို သတ်မှတ်ခြင်း၊

( ဂ ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူတို့၏ အရည်အချင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

( င ) အန္တရာယ်သတိပေး အမှတ်အသားကပ်ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

( စ ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမည့် သိုလှောင်ရုံတည်ဆောက်သင့်သော နေရာသတ်မှတ်ခြင်း၊ သိုလှောင်ရုံနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

( ဇ ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့၏ ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများ အရသော်လည်းကောင်း၊ သုတေသနစမ်းသပ်တွေ့ရှိချက်အရသော်လည်းကောင်း အမျိုးအစားခွဲခြားခြင်းကို ပြန်လည်ပြင်ဆင်ခြင်း၊

( ဈ ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ်ကို တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့်တိရစ္ဆာန်

များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှု ပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ကျန်းမာရေးကို အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သော အဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(ဌ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အကြံပေးအဖွဲ့နှင့် အခြားပညာရပ်ဆိုင်ရာအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဍ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၄။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်း တာဝန်များကို စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

### ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဖွဲ့စည်းခြင်း

၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် **ဗဟိုသန်းခေါင်စာရင်းကော်မရှင်** ကို အောက်ပါ အတိုင်း ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| ( င ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**အမျိုးသားစံချိန်စံညွှန်းကောင်စီ ဖွဲ့စည်းခြင်း**

စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ **အမျိုးသားစံချိန်စံညွှန်းကောင်စီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၃)　ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၁၄)　ဒေါက်တာ အောင်ကျော်မြတ်　　အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

(၁၅)　ဦးစိန်သောင်းဦး　　အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(၁၆)　ဦးထင်အောင်ခိုင်　　အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၁၇)　ဒေါက်တာ ကျော်ကျော်မိုး　　အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

(၁၈)　ဒေါ်ခိုင်ခိုင်နွယ်　　အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(၁၉)　ဒေါက်တာ သန်းထွဋ်　　အဖွဲ့ဝင်
ဂုဏ်ထူးဆောင်ပါမောက္ခ
လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာန
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်
ကျန်းမာရေးဝန်ကြီးဌာန
ဥက္ကဋ္ဌ၊ လုပ်ငန်းခွင်ဆေးပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

(၂၀)　ဒေါက်တာ မြမြဦး　　အဖွဲ့ဝင်
ပါမောက္ခချုပ် (အငြိမ်းစား)
ရန်ကုန်နည်းပညာတက္ကသိုလ်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(၂၁)　ညွှန်ကြားရေးမှူးချုပ်　　အတွင်းရေးမှူး
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

## အမျိုးသားမြေအသုံးချမှုကောင်စီ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်အတွင်း အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားမြေအသုံးချမှု မူဝါဒပါရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သောဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် **အမျိုးသားမြေအသုံးချမှုကောင်စီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ်ကြီး မောင်မောင်အေး<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၃) | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ( ဋ ) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ (အားလုံး) | အဖွဲ့ဝင် |
| ( ဌ ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဏ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး(၁)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၂)
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) တို့၏ မြေအသုံးချမှုကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲရန်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီး၏ တည်ဆဲမြေနှင့်သက်ဆိုင်သည့် မှတ်တမ်းများ၊ မြေပုံများနှင့် မှတ်ပုံတင်စနစ်များကို တစ်ပြေးညီဖြစ်စေရေးအတွက် လိုအပ်သောအစီအမံနှင့် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဃ) နိုင်ငံတော်၏ ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ၊ မြေအသုံးချမှုစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မြေအသုံးချမှုနှင့်စပ်လျဉ်း၍ အသုံးချမည့်မြေပမာဏ လျာထားဆုံးဖြတ်ရာတွင် တိကျမှန်ကန်သည့် သတင်းအချက်အလက်ကို အကျိုးသက်ဆိုင်သူများအား ပွင့်လင်းမြင်သာစွာသိရှိစေရေးနှင့် ယင်းတို့ကိုယ်တိုင် အသုံးပြုခွင့်ရရှိစေရေးတို့အတွက် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) မြေအသုံးချခြင်း၊ မြေလုပ်ပိုင်ခွင့်ချထားခြင်းနှင့် အခြားနည်းအသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ တရားဝင်အခွင့်အရေးရရှိစေခြင်း၊ အငြင်းပွားမှုကိုလျှော့ချခြင်းနှင့် မည်သည့်မြေအငြင်းပွားမှုကိုမဆို လွယ်ကူစွာဖြေရှင်းခြင်းတို့ကိုဆောင်ရွက်နိုင်ရန် တိကျသော နယ်နိမိတ်မြေပုံများရေးဆွဲခြင်းနှင့် မြေအမျိုးအစားနှင့် မြေအတန်းအစားသတ်မှတ်သည့် စနစ်ထားရှိကျင့်သုံးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(စ) အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ ရေရှည်မြေအသုံးချမှုစီမံကိန်းများပြင်ဆင်ရာတွင် အဆိုပြုထားသော မြေအသုံးချမှုစီမံကိန်းနှင့် မြေပုံများပါ ပြင်ဆင်ချက်များကိုအသုံးပြု၍ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်သက်ဆိုင်သော ဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်းတို့ကို အချိန်ကာလအပိုင်းအခြားအလိုက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဇ) မြေအသုံးချမှုစီမံခန့်ခွဲခြင်း၊ မြေခွဲဝေချထားခြင်းနှင့် မြေအသုံးချမှုစီမံကိန်းလုပ်ငန်းစဉ်များ အရည်အသွေးကောင်းမွန်စေခြင်း၊ အမျိုးသားမြေအသုံးချမှုမူဝါဒ အကောင်အထည်ဖော်ခြင်းနှင့် လေးစားလိုက်နာခြင်းစသည်တို့နှင့်စပ်လျဉ်း၍ အစီရင်ခံမည့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ပြီး အစိုးရဌာန အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်စေရန် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေ လိုအပ်ချက်များအရ အမျိုးသားမြေအသုံးချမှုမူဝါဒကို အနည်းဆုံးငါးနှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ခြင်း၊

(ည) အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ ဆိုက်ဘာလုံခြုံရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဒ ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်တွင် ကောင်းမွန်လုံခြုံသော အမျိုးသားဆိုက်ဘာနယ်ပယ်ပေါ်ထွန်းရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

( ခ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ယှဉ်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

( ဂ ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

( င ) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအား အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

( စ ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးစီမံချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဆ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း အများပြည်သူက ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက်သိမ်းဆည်းမှုကို သတ်မှတ်ခြင်း၊

( ဇ ) အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းများကို သတ်မှတ်ချက်နှင့်အညီ တည်ထောင်ခွင့်ပြုခြင်း။

၃။ ဒုတိယသမ္မတအား ခန့်အပ်ထားခြင်းမရှိသေးသည့်အချိန်၌ ဗဟိုကော်မတီကို ဥပဒေနှင့်အညီ ဖွဲ့စည်းရာတွင် လူပုဂ္ဂိုလ်နာမည်ဖြင့် ဖော်ပြခြင်းမပြုဘဲ ဌာနနှင့်ရာထူးအလျောက် ဖွဲ့စည်းခြင်းဖြင့် ဒုတိယဥက္ကဋ္ဌက ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

နေလင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၆၈၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၄ ရက်)

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆ အရ ခရစ်ယာန်ဘာသာဝင်အချင်းချင်းကိုသော်လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် အခြားဘာသာဝင်တစ်ဦးဦးကိုသော်လည်းကောင်း ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ကို ချင်းပြည်နယ်၊ ဟားခါးမြို့၊ မတူပီလမ်း၊ ကျောဘုတ်ရပ်ကွက်နေ ယေဟောဝါသက်သေ (ကင်းမျှော်စင်) အသင်း၊ သင်းအုပ်ဆရာ၊ ခရစ်ယာန်ဘာသာရေးအမှုတော်ဆောင် ဦးဆန်မန်ထန် အား ထုတ်ပေးလိုက်သည်။

သာငွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၆၈၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၄ ရက်)

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၆ အရ ခရစ်ယာန်ဘာသာဝင်အချင်းချင်းကိုသော်လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် အခြားဘာသာဝင်တစ်ဦးဦးကိုသော်လည်းကောင်း ထိမ်းမြားပေးနိုင်ခွင့်လိုင်စင်ကို ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ အဂ္ဂပေနှစ်ခြင်းအသင်းတော်၊ သင်းအုပ်ဆရာ၊ ခရစ်ယာန်ဘာသာရေးအမှုတော်ဆောင် သိက္ခာတော်ရဆရာ ဒေါက်တာ ဇခါရဲ အား ထုတ်ပေးလိုက်သည်။

သာငွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၆၉၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ညောင်တုန်းမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးခိုင်လင်းကျော် (တ/၃၈၄၃) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

သာငွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

### ကိုယ်ရေးအရာရှိခန့်ထားခြင်း

၂.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.870815˚N, 98.646446˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းအတိုင်း ၁.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.867835˚N, 98.646311˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းအတိုင်း ၁.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.866586˚N, 98.644651˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ချောင်းအတိုင်း ၁.၂ ဖာလုံခန့်လာရာ ချောင်းပေါက်ငယ်ထိပ် ခန့်မှန်းမြေပုံညွှန်း 11.864674˚N, 98.645088˚E အထိ၊

တောင်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ခိုတောင်ချောင်း၏ ဒီရေကျမျဉ်းအတိုင်း ၃ ဖာလုံခန့်လာရာ ရေခပ်ချောင်းထိပ် ခန့်မှန်းမြေပုံညွှန်း 11.867192˚N, 98.640062˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ခိုတောင်ချောင်း၏ ဒီရေကျမျဉ်းအတိုင်း ၁ မိုင် ၁.၈ ဖာလုံခန့်လာရာ ချောင်းသုံးဖော်ချောင်းထိပ် ခန့်မှန်းမြေပုံညွှန်း 11.872477˚N, 98.622930 ˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ခိုတောင်ချောင်း၏ ဒီရေကျမျဉ်းအတိုင်း ၇.၁ ဖာလုံခန့်လာရာ မှေးချောင်းထိပ် ခန့်မှန်းမြေပုံညွှန်း 11.874974˚N, 98.610212˚E အထိ၊ ထိုမှ အနောက်ဘက်သို့ ခိုတောင်ချောင်း၏ ဒီရေကျမျဉ်းအတိုင်း ၇.၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း11.874684˚N, 98.595635˚E အထိ၊ ထိုမှ အနောက်ဘက်သို့ ၇.၆ ဖာလုံခန့်လာရာ ချောင်းညီကိုများချောင်းထိပ် ခန့်မှန်းမြေပုံညွှန်း 11.874626˚N, 98.581581˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ဆလုံတောင်ချောင်းအတိုင်း ၁ မိုင် ၂.၉ ဖာလုံခန့်လာရာ ဆားလင်းချောင်းထိပ် ခန့်မှန်းမြေပုံညွှန်း 11.872742˚N, 98.566768˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.872278˚N, 98.563539˚E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.871606˚N, 98.555738˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ခိုတောင်ချောင်း၏ ဒီရေကျမျဉ်းအတိုင်း ၄.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.870560˚N, 98.547433˚E အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ဒီရေကျမျဉ်းအတိုင်း ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.877065˚N, 98.544007˚E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဒီရေကျမျဉ်းအတိုင်း ၅.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.886124˚N, 98.539244˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.897855˚N, 98.543658˚E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ဒီရေကျမျဉ်းအတိုင်း ၁ မိုင် ဝ.၆ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 11.907438˚N, 98.555854˚E အထိ။

## ချန်လုပ်ကွက် (၁) ဧရိယာ ၂၂.၁ ဧက၏ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း 11.914963˚N, 98.634913˚E မှအစပြု၍ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ဝ.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.915079˚N, 98.636423˚E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၂.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.913052˚N, 98.640487˚E အထိ၊

အရှေ့ဘက်။ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.908515˚N, 98.640142˚E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း11.907110˚N, 98.641714˚E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၃.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.901518˚N, 98.642928˚E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်တောင်ဘက်သို့ ဝ.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.901634˚N, 98.643796˚E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ဝ.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.900409˚N, 98.643788˚E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ဝ.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.900220˚N, 98.642750˚E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ဝ.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.899138˚N, 98.642217˚E အထိ၊

တောင်ဘက်။　ထိုမှ အရှေ့ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.897526°N, 98.640537°E အထိ၊ ထိုမှ အနောက်ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.898816°N, 98.638685°E အထိ၊

အနောက်ဘက်။　ထိုမှ အနောက်တောင်ဘက်သို့ ၁.၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.902081°N, 98.637478°E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.905195°N, 98.637566°E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.907063°N, 98.637032°E အထိ၊ ထိုမှ မြောက်ဘက်သို့ ၂.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.911425°N, 98.636546°E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.913509°N, 98.633833°E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၀.၉ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 11.914963°N, 98.634913°E အထိ။

**ချုန်လုပ်ကွက် (၂) ဧရိယာ ၉ ဧက၏ နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။　ခန့်မှန်းမြေပုံညွှန်း 11.884406°N, 98.645799°E မှအစပြု၍ ဒီရေတောအစပ်အတိုင်း အရှေ့မြောက်ဘက်သို့ ၀.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း11.885034°N, 98.647302°E အထိ၊

အရှေ့ဘက်။　ထိုမှ ဒီရေတောအစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၀.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.883593°N, 98.647902°E အထိ၊

တောင်ဘက်။　ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်တောင်ဘက်သို့ ၀.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.882880°N, 98.647153°E အထိ၊ ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်ဘက်သို့ ၀.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 11.882963°N, 98.646164°E အထိ၊

အနောက်ဘက်။　ထိုမှ ဒီရေတောအစပ်အတိုင်း အနောက်မြောက်ဘက်သို့ ၀.၈ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 11.884406°N, 98.645799°E အထိ။

၃။　**တားမြစ်ချက်များ**

**ဆလုံတောင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော** အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က)　ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ)　မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ)　ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ)　ရေစီးရေလာကို ပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င)　ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

(စ)　ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ)　သစ်တောများကို မီးဖြင့် ပျက်စီးစေခြင်း၊

(ဇ)　တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၅ ရက်)

စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ ဤအမိန့်ကို ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေတွင်ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဦးစီးဌာန** ဆိုသည်မှာ စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ခ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးအား ရေမဲ့အီသနော (Anhydrous Ethanol) သို့မဟုတ် အခြားဇီဝအရင်းအမြစ်များဖြင့် ရောစပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဂ) **လျှောက်ထားသူ** ဆိုသည်မှာ လုပ်ငန်းလိုင်စင်ရယူလိုသော ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်ထားသော ဇီဝလောင်စာဆီများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသောပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၃။ လျှောက်ထားသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ကနဦးလျှောက်ထားရာတွင် ဦးစီးဌာနသို့ အောက်ပါ အချက်အလက် အထောက်အထားပြည့်စုံစွာဖြင့် လျှောက်ထားရမည်-

(က) လိုင်စင်ခွင့်ပြုထုတ်ပေးရန်လျှောက်လွှာ၊

(ခ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊

(ဂ) ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ် လိပ်စာ (Address, Phone No., Email Address)၊

(ဃ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက-

(၁) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ မှတ်ပုံတင်လက်မှတ် (Company or Registration Card)၊

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အကြောင်းအရာအကျဉ်းချုပ် (Company or Organization Profile)၊

(၃) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (Certificate of Exporter/ Importer Registration)၊

(၄) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အသင်းဝင်လက်မှတ် [Certificate of Membership (UMFCCI)]၊

(၅) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော ကုမ္ပဏီဆိုင်ရာ အချက်အလက် (Company Extract Form of DICA)။

(င) လုပ်ငန်းဆောင်ရွက်မည့်မြေနေရာ၏ တည်နေရာပြမြေပုံ (Google Map)၊

(စ) လုပ်ငန်းဆောင်ရွက်မည့်နေရာ၏ အကျယ်အဝန်းအကွက်ချပုံစံ (Layout Plan)နှင့် အသေးစိတ်ဒီဇိုင်း ပုံစံ (Design & Detail Drawing)၊ (အနည်းဆုံးရှိရမည့် မြေဧရိယာမှာ ၁.၀ ဧကဖြစ်ပါသည်။)

(ဆ) မြေနေရာအထောက်အထားအတွက် မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆) တို့၏ မိတ္တူ သို့မဟုတ် မြေငှား စာချုပ် သို့မဟုတ် မြေပိုင်ဆိုင်မှုအထောက်အထား၊

(ဇ) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်မည့် ရေမွှဲအီသနော သို့မဟုတ် အခြားဇီဝအရင်းအမြစ်များကို ရယူခြင်း၊ ဖြန့်ဖြူးခြင်းတို့ ဆောင်ရွက်မည့်နည်းလမ်းနှင့် အစီအမံ။

၄။ ဦးစီးဌာနသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့်ပြည့်စုံပါက အဆိုပြုအကွက်ချပုံစံ (Layout Plan) နှင့် အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) အား အတည်ပြု ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၅။ လျှောက်ထားသူသည် ဦးစီးဌာနက အတည်ပြုပုံစံအတိုင်း တည်ဆောက်ပြီးစီးပါက လုပ်ငန်းလိုင်စင် ခွင့်ပြုထုတ်ပေးရန် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ဦးစီးဌာနသို့ လျှောက်ထား ရမည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်မူရင်းနှင့် မိတ္တူ၊

(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သိုလှောင်ခွင့်လိုင်စင်မူရင်းနှင့် မိတ္တူ၊

(ဂ) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချမည့်နေရာရှိ အဆောက်အဦများ၊ သိုလှောင်ကန်များနှင့် ဆက်စပ်ပစ္စည်းများ (Facilities) များကို (ရှေ့၊ နောက်၊ ဝဲ၊ ယာ) ရိုက်ကူးထားသည့် (4″ x 6″) အရွယ်ရှိ ထင်ရှားသည့် ရောင်စုံဓာတ်ပုံ (၄) ပုံ၊

(ဃ) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ၏ အရည်အသွေးကို ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးထားသည့် စမ်းသပ်မှုသက်သေခံလက်မှတ် မူရင်းနှင့် မိတ္တူ၊

( င ) မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် (FSC–Fire Safety Certificate)၊

( စ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်။

၆။ ဦးစီးဌာနက တာဝန်ပေးအပ်သောအဖွဲ့သည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချမည့်နေရာအား အောက်ပါအချက်အလက်များနှင့် ပြည့်စုံမှု ရှိ မရှိ စိစစ်ပြီးတွေ့ရှိချက်ကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြရမည်–

(က) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်မည့် ရေမဲ့အီသနော သို့မဟုတ် အခြားဇီဝအရင်းအမြစ်များကို ရယူခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် တင်ပြထားသည့် ဆောင်ရွက်မည့်နည်းလမ်းနှင့် အစီအမံအတိုင်း ဆောင်ရွက်ထားခြင်း ရှိ မရှိ၊

( ခ ) ဦးစီးဌာနက အတည်ပြုထားသော အဆိုပြုအကွက်ချပုံစံ (Layout Plan) နှင့် အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) အတိုင်း တည်ဆောက်ထားခြင်း ရှိ မရှိ၊

( ဂ ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် အခြားလိုအပ်ချက်များ။

၇။ ဦးစီးဌာနသည် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်းတင်ပြလျှင် ပြုပြင်ဆောင်ရွက်စေပြီး ထပ်မံကွင်းဆင်းစစ်ဆေးရန် တာဝန်ပေးအပ်ရမည်။

၈။ ဦးစီးဌာနသည် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်များနှင့်ကိုက်ညီပြည့်စုံမှုရှိကြောင်း တင်ပြလျှင် သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၉။ ဝန်ကြီးဌာနသည် အပိုဒ် ၈ အရ တင်ပြချက်ကိုစိစစ်ပြီး သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေ၍ တစ်နှစ်သက်တမ်းရှိသည့် လုပ်ငန်းလိုင်စင်ကို လျှောက်ထားသူအား ခွင့်ပြုထုတ်ပေးရမည်။

## အခန်း (၃)

## လိုင်စင်ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များ

၁၀။ လိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၁။ လိုင်စင်ရရှိသူသည် ဇီဝလောင်စာဆီများ သိုလှောင်ထားရှိရာတွင်–

(က) ရောစပ်ရာတွင်အသုံးပြုမည့် ရေမဲ့အီသနော (Anhydrous Ethanol) ကို အရက်သဘာဝပျက်ပြားစေရန် သီးသန့်သိုလှောင်ကန်တွင် အရက်သဘာဝဖျက်ပစ္စည်း (Denaturing Agent) ရောစပ်ခြင်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းသို့ပြုလုပ်ပြီးကြောင်း အမှတ်အသားနှင့် ဝင်ဆံ့ပမာဏတို့ကို သိုလှောင်ကန်တွင် ထင်ရှားစွာရေးသားဖော်ပြရမည်။

( ခ ) အခြားဇီဝအရင်းအမြစ်များဖြင့်ရောစပ်ခြင်းဖြစ်ပါက ယင်းသို့ပြုလုပ်ပြီးကြောင်း အမှတ်အသားနှင့် ဝင်ဆံ့ပမာဏတို့ကို သိုလှောင်ကန်တွင် ထင်ရှားစွာရေးသားဖော်ပြရမည်။

၁၂။ လိုင်စင်ရရှိသူသည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်၍ ဇီဝလောင်စာဆီများအား သီးသန့် သိုလှောင်ကန်တွင် ဝန်ကြီးဌာနကသတ်မှတ်ထားသည့် အချိုးအစားအတိုင်း ထည့်သွင်းရောစပ်ရမည်။

၁၃။ လိုင်စင်ရရှိသူသည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူး ရောင်းချခြင်းမပြုမီ ဝန်ကြီးဌာနကအသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းတွင် အရည်အသွေးစမ်းသပ်စစ်ဆေးပြီး စမ်းသပ်မှုသက်သေခံလက်မှတ်ကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၄။ လိုင်စင်ရရှိသူသည်-

(က) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ၏ အရည်အသွေးစမ်းသပ်မှု သက်သေခံလက်မှတ်ကို လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ အချိန်အထိ စနစ်တကျထိန်းသိမ်းထားရှိရမည်။

( ခ ) ဇီဝလောင်စာဆီနမူနာများကို အနည်းဆုံးရက်ပေါင်း ၆၀ အထိ စနစ်တကျထိန်းသိမ်းထားရမည်။

## အခန်း (၄)
## အထွေထွေ

၁၅။ လိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

၁၆။ လိုင်စင်ရရှိသူသည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ပေးဆောင်ရမည့် အခွန်အခများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးသွင်းရမည်။

၁၇။ ဝန်ကြီးဌာနသည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို လိုအပ်သလို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းပြုနိုင်သည်။

၁၈။ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

ကိုကိုလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ပါဦးစီးမှူးနှင့် အဆင့်တူ (၄) ဦးတို့အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) ဦးခင်မောင်ဇော်လင်း ၁၂/ တတန (နိုင်) ၁၃၂၈၃၉

( ခ ) ဒေါ်မေသူဇာ ၁၄/ ပသန (နိုင်) ၂၀၅၁၅၃

( ဂ ) ဦးဝေယံစိုး ၉/ ပမန (နိုင်) ၁၅၉၅၉၈

(ဃ) ဒေါ်ဇင်မာအေး-၁ ၁၂/ ဗဟန (နိုင်) ၀၀၀၇၁၆

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ [၁၀/ သထန (နိုင်) ဝ၇၇၁၉၇] အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊

ဖေဖော်ဝါရီလ ၂၆ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၈)၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ အား ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ ဇွန်လ ၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၂၁)၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၅) အစီအစဉ် ၄ (ဃ-၁) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာန၊ တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ မြတ်ညွန့် အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး (လူငယ်) — ဒုတိယဥက္ကဋ္ဌ (၁)

| | | |
|---|---|---|
| (ဂ) | ဒုတိယဝန်ကြီး (အားကစား) | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ် (အားကစား) | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ် (လူငယ်) | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်များ (အားကစား) | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်များ (လူငယ်) | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး) | အတွင်းရေးမှူး |
| (ဈ) | ဒုတိယအမြဲတမ်းအတွင်းဝန် | တွဲဖက်အတွင်းရေးမှူး |

၂။ ဝန်ကြီးဌာန၊ အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေးနှင့် ဌာနဆိုင်ရာ လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်စွာ ဆောင်ရွက်နိုင်ရေး အတွက် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များအတိုင်း စိစစ်ကြပ်မတ်မှုများ ပြုလုပ်သွားရန်ဖြစ်ပါသည်–

(က) ဝန်ကြီးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာနများ၏ ဆောင်ရွက်ချက်များသည် ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့် ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များညွှန်ကြားရန်၊

(ခ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲမှုရှိစေရေး၊ လျာထားချက် ဘောင်အတွင်းမှ သုံးစွဲရေးတို့ကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်း လျာထားရန်၊ အဆိုပြုချက်များကို အသေးစိတ်စိစစ်ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(ဂ) နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် လေလံတင်ရောင်းချခြင်းများ ဆောင်ရွက်ရာ၌ တင်ဒါလုပ်ထုံးလုပ်နည်းများအတိုင်းဆောင်ရွက်ပြီး ကော်မတီသို့တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ် ကြပ်မတ်ခြင်း၊ လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(င) ဝန်ကြီးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီးဌာနတို့တွင် ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်း ကိစ္စရပ်များ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ လူငယ်ရေးရာ ကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန်၊

(စ) ကော်မတီသည် စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှုနှင့် လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင် ဆောင်ရွက်သွားရန်၊

(ဆ) နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တာဝန် ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအား စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်။

၃။ ဝန်ကြီးဌာန အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီအစည်းအဝေးကို ရက်သတ္တပတ် (၄) ပတ်လျှင် (၁) ကြိမ် ကျင်းပသွားရန်ဖြစ်သည်။

၄။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၀၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် အရာထမ်းရာထူး (၂၃) နေရာ၊ အမှုထမ်းရာထူး (၂၃၁) နေရာ စုစုပေါင်းရာထူး (၂၅၄) နေရာလျှော့ချ၍ အရာထမ်းရာထူး (၁၀၇၁) နေရာ၊ အမှုထမ်းရာထူး (၇၇၇၄) နေရာ စုစုပေါင်းရာထူး (၈၈၄၅) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၀၆/၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်းအား အရာထမ်းရာထူး (၅၇) နေရာ၊ အမှုထမ်းရာထူး (၁၆၆) နေရာ စုစုပေါင်းရာထူး (၂၂၃) နေရာဖြင့် ဖွဲ့စည်းလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၀၇/၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံတွင် ဗဟို သင်တန်းကျောင်းဖွဲ့စည်းပုံအား တိုးချဲ့၍ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| စဉ် | ဌာနအမည် | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီးရုံး | ၅၇ | ၁၂၅ | **၁၈၂** |
| ၂ | အဆောက်အဦဦးစီးဌာန | ၂၈၆ | ၂၀၀၀ | **၂၂၈၆** |
| ၃ | လမ်းဦးစီးဌာန | ၁၀၇၁ | ၇၇၇၄ | **၈၈၄၅** |
| ၄ | တံတားဦးစီးဌာန | ၃၅၂ | ၁၅၇၈ | **၁၉၃၀** |
| ၅ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၈၄ | ၁၇၉၄ | **၂၁၇၈** |
| ၆ | ဗဟိုသင်တန်းကျောင်း | ၅၇ | ၁၆၆ | **၂၂၃** |
| | **စုစုပေါင်း** | ၂၂၀၇ | ၁၃၄၃၇ | ၁၅၆၄၄ |

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၀၈/၂၀၂၅)**
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆ/ ၁၅၃၅၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်မင်းအေး အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်းတူ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ရာထူးနေရာသို့ လစ်လပ်သည့်နေ့မှစ၍ တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၁၄/၂၀၂၅)**
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆ/ ၅၃၀၁၊ ညွှန်ကြားရေးမှူး (စီမံ) ဦးရဲထွန်းအောင် အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယအမြဲတမ်းအတွင်းဝန် ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၁၇/၂၀၂၅)**
နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၃၃၄၉၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ဖြိုးဝေ အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာန၊ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အထူးစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၄/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်မေသန့်စင် အား ယင်းပညာဌာနတွင် လစ်လပ်လျက်ရှိသော ပါမောက္ခ (ပညာဌာနမှူး) ရာထူးသို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှစ၍ တိုးမြှင့်တာဝန်ပေးအပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အထူးစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၄/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဟန်ကြည် အား ယင်းပညာဌာနတွင် လစ်လပ်လျက်ရှိသော ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

## ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းများအကောင်အထည်ဖော်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန်နှင့် လုပ်ငန်းများအချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်သွားနိုင်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးစိုးမင်းဦး<br>ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဆန်းမြင့်<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဒေါ်ခင်မျိုးမြင့်<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဦးရဲနိုင်<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| ( င ) | ဦးစိုးတင့်<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | ဦးကျော်မျိုးထွန်း<br>အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဦးလှအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးအောင်တင်စိုး<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အတွင်းရေးမှူး |

(ဈ) ဦးမြင့်ဆွေ　　　　တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ဥက္ကဋ္ဌရုံးအဖွဲ့

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ စီမံခန့်ခွဲရေးကော်မတီသည် ဥက္ကဋ္ဌရုံးအဖွဲ့အပါအဝင် ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန (၂) ခုနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (၂) ခုတို့၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား နိုင်ငံတော်အကြီးအကဲ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းစသည့်ကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဦးစီးဌာန၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း/လျှော့ချခြင်း၊ အမည်ပြင်ဆင်ပြောင်းလဲခြင်းကိစ္စရပ်များအား စိစစ်ကြပ်မတ်ရန်၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံ့ဝန်ထမ်းအရာထမ်းများ ပြောင်းရွှေ့ရေးကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း၊ သုတေသနပြုခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အထောက်အပံ့ပေးခြင်းနှင့် အကြံပြုတင်ပြခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊

(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်စပ်လျဉ်း၍ နိုင်ငံတော်လျှို့ဝှက်ချက်များပေါက်ကြားမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Myanmar Sustainable Development Plan-MSDP)၊ ပြည်ထောင်စုအရအသုံးဆိုင်ရာဥပဒေနှင့် ပြည်ထောင်စုစီမံကိန်းဥပဒေတို့နှင့်အညီ နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများအရ ဘဏ္ဍာငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ဌာနပိုင်ပစ္စည်းစာရင်းမှ ပယ်ဖျက်ခြင်း၊ ထုခွဲရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိစေရေး ကြပ်မတ်ရန်၊

(ဆ) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းလျာထားခြင်းကိစ္စရပ်များ ဘဏ္ဍာငွေခွင့်ပြုမှုအပေါ် ငွေကြေးသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များကို ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရေး၊ ဘဏ္ဍာရေးနှစ်အတွင်း လအလိုက်လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဇ) ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေး၊ သာသနာရေးကိစ္စရပ်များဆောင်ရွက်ရန်၊

( ဈ ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများနှင့် အထက်ဌာနများ၏ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကျရောက်ပါက မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ရန်၊

(ည) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အကောင်အထည်ဖော်မည့်ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ အထောက်အကူပြုရေး လိုအပ်သည့်အစီအမံများ ရေးဆွဲညှိနှိုင်း ဆောင်ရွက်ရန်၊

( ဋ ) e-Government နှင့် ERICSS စနစ်များ အောင်မြင်အောင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်။

၃။ ဤအဖွဲ့၏ ၂၀၂၄ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စိုးမင်းဦး
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာ (၃၅/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၁၀-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၁၀၀၂ (၆၉၇)/ ၁၁/ထူး ၄ ဖြင့် ကျောင်းအုပ်ကြီး၊ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်းမှ ဒုတိယဌာနမှူး၊ စည်ပင်သာယာ ရဲတပ်ဖွဲ့ (နေပြည်တော်) သို့ ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်အရ ရဲ ၁၈၄၆ ရဲမှူးကြီး ဆန်းကို အား ၆-၈-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) သဘောတူဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့် ၁၄-၇-၂၀၂၅ ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်အားတိုးယူပြီး လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဌာနတွင် မူလရာထူးနှင့် လစာနှုန်းတူ ရဲမှူးကြီး (ဒုတိယဌာနမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာ၌ ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာ (၃၆/၂၀၂၅)

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၁၀-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၁၀၀၂ (၆၉၇)/ ၁၁/ထူး ၄ ဖြင့် ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဌာနမှူး၊ စည်ပင်သာယာ ရဲတပ်ဖွဲ့ (နေပြည်တော်) သို့ ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်အရ ရဲ ၁၇၉၇ ရဲမှူးကြီး တင့်လွင် အား ၆-၈-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) သဘောတူဆုံးဖြတ်ချက်အရ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့် ၁၁-၇-၂၀၂၅ ရက်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်အားတိုးယူပြီး လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဌာနတွင် မူလရာထူးနှင့် လစာနှုန်းတူ ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာ၌ ခေတ္တဌာနမှူးတာဝန်ပေးအပ်လိုက်သည်။

သန်းထွန်းဦး
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၃ ရက်)

၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၆ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၉/၂၀၂၅) သဘောတူခွင့်ပြုချက်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၇ ရက်စွဲပါစာအမှတ်၊ ဆသ–၁/ ဝထ (ရာထူး)/ ၂၀၂၅ (၁၃၆၉) တို့အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၃) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ရာထူးဌာနများ၌ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဒေါ်ခင်မေဦး<br>ဦးစီးမှူး<br>(၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀)<br>ရေဒီယိုလှိုင်းနှုန်းစဉ်ကြီးကြပ်ရေးဌာနစု<br>မွန်ပြည်နယ် (ရုံးခွဲ) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ရေဒီယိုလှိုင်းနှုန်းတိုင်းတာရေးဌာနစု<br>ရေဒီယိုလှိုင်းနှုန်းစဉ်ကြီးကြပ်ရေးနှင့် စံချိန်စံညွှန်းဌာန |
| (ခ) | ဒေါ်အေးအေးလွင်<br>ဦးစီးမှူး<br>(၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀)<br>ဆက်သွယ်ရေးကျွမ်းကျင်မှုလက်မှတ်ဌာနစု<br>အရင်းအမြစ်စီမံခန့်ခွဲမှုဌာန | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ဆက်သွယ်ရေးနံပါတ်စီမံခန့်ခွဲရေးဌာနစု<br>အရင်းအမြစ်စီမံခန့်ခွဲမှုဌာန |
| (ဂ) | ဒေါ်တင်မာဦး<br>ဦးစီးမှူး<br>(၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀)<br>နယ်ခြားဖြတ်ကျော်ရေဒီယိုလှိုင်းနှုန်း<br>ညှိနှိုင်းရေးဌာနစု<br>အရင်းအမြစ်စီမံခန့်ခွဲမှုဌာန | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ရေဒီယိုလှိုင်းနှုန်းစဉ်ကြီးကြပ်ရေးဌာနစု<br>ရန်ကုန်တိုင်းဒေသကြီး (ရုံးခွဲ) |

မျိုးဆွေ

ညွှန်ကြားရေးမှူးချုပ်

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

အမှတ် ၁၆၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ဋ္ဌေးဝင်း ကြည်း ၈၁၄၇၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သပြေကျင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (ပြင်)၊ ဦးပိုင်အမှတ် (၆၄/ ၈၈) ရှိ **မြေဧရိယာ ၆.၇၈ ဧက** အား **သဒ္ဓမ္မနိကာယ ရွှေလာဘ်မိုးကုတ်ဓမ္မရိပ်သာကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၄/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ဝါးတန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၃၈၉/ဝါးပြစ်မ (မ)]၊ ဦးပိုင်အမှတ် ( ၄၂/၅၉ )ရှိ မြေဧရိယာ ၁.၁၂ ဧက၊ ဦးပိုင်အမှတ် ( ၄၂/၆၀ ) ရှိ မြေဧရိယာ ၁.၂၈ ဧက၊ ဦးပိုင်အမှတ် ( ၄၂/၆၁ ) ရှိ မြေဧရိယာ ၁.၃၄ ဧက၊ ဦးပိုင်အမှတ် ( ၄၆/၅၅ ) ရှိ မြေဧရိယာ ၃.၀၂ ဧက **စုစုပေါင်းမြေဧရိယာ ၆.၇၆ ဧက** အား **ရွှေကြာစည်ဘုရားငါးဆူရိပ်သာကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်<br>(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်) | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice

**PRIME FARMS MYANMAR LIMITED**

(In members' Voluntary Liquidation)

Under the Insolvency Law

**Final Meeting**

A Final meeting of the above Company will be held on 30th September 2025 at No. (132–A), 3rd Floor, Bargayar Road, Sanchaung Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.

2. To give any explanation thereof.

Mrs. Khin Saw Yu

Official Liquidator

Onbehalf of Prime Fame Myanmar Limited

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ

**[IGC (Infomark Glocal Consulting) Co., Ltd]**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ နံနက် ၉:၀၀ နာရီအချိန်တွင် အခန်းအမှတ် (၆ – ဒီ)၊ (၆) လွှာ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ဦးကိုကိုဇော်

B.Com, CPA

Certified Public Accountants & Auditors

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ